ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်    တလိုင်းကွင်းကျေးရွာအုပ်စု၊ ပေါက်တောကြီးကျေးရွာ

မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
N
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




ပေါက်တောကြီးကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

တလိုင်းကွင်းကျေးရွာအုပ်စုတွင်

၁။တလိုင်းကွင်းကျေးရွာ

၂။ဇရပ်ကုန်းကျေးရွာ

၃။ကျွန်းစုကျေးရွာ

၄။မြောက်အင်တိုင်းကျေးရွာ

၅။ပန်းရုံစုကျေးရွာ

**၆။ပေါက်တောကြီးကျေးရွာ**

၇။အင်းတဲစုကျေးရွာ

၈။သပြေပင်ဇင်းကျေးရွာ

၉။အောင်မြင်ကိုင်းကျေးရွာ

၁၀။မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာ

တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ပေါက်တောကြီး ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာအုပ်စုအတွင်းတွင် တည်ရှိပါသည်။ အိမ်ခြေ (၁၁၄)ရှိပြီး၊ အမျိုးသား(၂၀၈)ဦး၊ အမျိုးသမီး (၂၁၆)ဦးတို့ နေထိုင်ကြပါသည်။

ပေါက်တောကြီး ကျေးရွာသည် ကြံခင်း-မြန်အောင် မြို့ရောင်လမ်းမကြီး၏ ဘေးတွင် တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပြီး၊ ကြံခင်းမြို့နှင့် (၃)ဖာလုံခန့်သာကွာဝေးသော ကျေးရွာဖြစ်သည်။

ကျေးရွာအခြေခံအဆောက်အဦး အနေဖြင့် ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။

ရွာသူ/ရွာသား အားလုံးမှာ ဗမာလူမျိုးများ ဖြစ်ကြပြီး ၊ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ကြပါသည်။ သဘာဝ ဘေးအန္တရာယ် ကျရောက်မှု ကင်းသော ကျေးရွာဖြစ်ပါသည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂.၁၁.၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၅ | ၅ | ၁၀ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂.၁၁.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂.၁၁.၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၆ | ၄ | ၁၀ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂.၁၁.၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၅ | ၅ | ၁၀ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂.၁၁.၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၆ | ၅ | ၁၁ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂.၁၁.၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၅ | ၆ | ၁၁ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂.၁၁.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၃ | ၁၉ | ၆၂ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂.၁၁.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၃ | ၁၉ | ၆၂ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂.၁၁.၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၄၃ | ၁၉ | ၆၂ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(က)လူမှုနှင့် သဘာဝ အရင်းအမြစ်ပြမြေပုံ**



လူမှုနှင့် သဘာဝ အရင်းအမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

- ❖ ပေါက်တောကြီး ကျေးရွာသည် လယ်ယာ လုပ်ငန်းကို အများဆုံး လုပ်ကိုင်ပြီး အသက်မွေး ဝမ်းကျောင်း ပြုကြပါသည်။
- ❖ အိမ်ခြေ (၁၁၄)အိမ်ရှိပြီး၊ အများစုမှာ နွမ်းပါးသူများ ဖြစ်ကြသည်ကို တွေ့ရသည်။
- ❖ ကျေးရွာတွင် ကိုယ်ပိုင် မူလတန်းကျောင်း မရှိသော်လည်း ကြံခင်းမြို့နှင့် (၃)ဖာလုံ ကွာဝေး သောကြောင့် ပညာရေး လက်လှမ်းမှီမှု ရှိသည်ကို တွေ့ရှိရသည်။
- ❖ ကျေးရွာမှာ ကြံခင်း-မြန်အောင် မြို့ရောင်လမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုရှိသည်ကို တွေ့ရသည်။
- ❖ ကျေးရွာတွင် ကိုယ်ပိုင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း ကြံခင်းမြို့နှင့် အလှမ်းမဝေး သော ကြောင့် ကြံခင်းမြို့သို့သွားရောက်၍ ဆေးကုသမှု ခံယူကြသည်ကို တွေ့ရသည်။
- ❖ ၂၀၁၆ခုနှစ် (ပထမနှစ်စက်ဝန်း)တွင် လူထုဗဟိုပြု စီမံကိန်း၏ ပံ့ပိုးမှုဖြင့်ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းအား အကောင်အထည် ဖော်ခဲ့သောကြောင့် ရွာတွင်းလမ်း ကောင်းမွန် သည်ကို တွေ့ရသည်။
- ❖ ၂၀၁၇ခုနှစ် (ဒုတိယနှစ်စက်ဝန်း) တွင်လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှု ဖြင့် ကွန်ကရစ် ဓာတ်တိုင် လဲလှယ်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။
- ❖ စိုက်ပျိုးမြေ အရင်းအမြစ် နည်းပါးသောကြောင့် လက်လုပ်လက်စား များပြားသည်ကို တွေ့ရသည်။ ကျေးရွာလူထု အားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ခ)ရာသီခွင်ပြ ပြက္ခဒိန်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ပေါက်တောကြီး ကျေးရွာတွင် လယ်ယာ လုပ်ငန်းများ လုပ်ကိုင်ကြသော အိမ်ခြေများ လည်းရှိပြီး အိမ်ခြေ အများစုမှာ ကျပန်း လုပ်သားများ လည်းဖြစ်သည်။ ဝါဆို၊ ဝါခေါင်းလများတွင် မိုးသည်းထန်းစွာ ရွာသွန်း သည်ကိုတွေ့ရသည်။ ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြပြီး ဝင်ငွေ မှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်း အမျိုးသား နှင့် အမျိုးသမီး တန်းတူ ရရှိကြောင်း တွေ့ရှိ ရပါသည်။သို့သော် အမျိုးသမီးအများစုမှာ အိမ်တွင်းမှု လုပ်ငန်း များနှင့် အချိန်ကုန် နေရသောကြောင့် အမျိုးသမီးတို့၏ ဂင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။

ရာသီ အကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ ဂါဆိုလများတွင် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားမှု ရှိသည်ကိုတွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန်ကြသည်။


ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေ သင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

သဘာဂ ဘေးအန္တရာယ် ကင်းရှင်းသော ကျေးရွာဖြစ်သည်ကို တွေ့ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ)ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း



ပေါက်တောကြီး ကျေးရွာ　　ဥစ္စာဓနအဆင့်သတ်မှတ်ချက်　　၂-၁၀-၂၀၁၇

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | ကား၊ တိုက်အိမ်၊ လယ်(၁၀)ဧက၊ ဆန်စက်၊ နွား(၁)ရှဉ်း၊ ရွှန်ဒေါင်း၊ သုံးဘီးဆိုင်ကယ်၊ အဲကွန်း၊ Sky Net ကလေးများအားကျောင်းပြီးသည်ထိထားနိုင်။ | ၁၀ | ၈.၈% |
| (ခ) | တိုက်အိမ်၊ ဆိုင်ကယ်၊ တီဗီ၊ ရေစုပ်စက်၊ လယ်(၅)ဧက၊ နွား(၁)ရှဉ်းအပ်ချုပ်စက်၊ ကလေးများအားကျောင်းပြီးသည်ထိထားနိုင် | ၂၀ | ၁၇.၅% |
| (ဂ) | သစ်သားအိမ်၊ လယ်(၃)ဧက၊ ဆိုင်ကယ်၊ တီဗီ၊ ဈေးဆိုင်၊ ကလေးများအားကျောင်းပြီးသည်ထိထားနိုင် | ၇၁ | ၆၂.၃% |
| (ဃ) | ဝါးအိမ်၊ ကြက်၊ ဝက်၊ စက်ဘီး၊ ကလေးများအားကျောင်းပြီးသည်ထိ မထားနိုင်။ | ၁၃ | ၁၁.၄% |
| | စုစုပေါင်း | ၁၁၄ | ၁၀၀% |

ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာစနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် အိမ်ခြေ(၁၁၄)အိမ်ခြေရှိသည့်အနက် ချမ်းသာသော အိမ်ခြေ(၁၀)အိမ်၊ အသင့်အတင့် အိမ်ခြေ(၂၀) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေ(၇၁)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ(၁၃) အိမ် ခြေ ရှိပါသည်။

နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ဂါးအိမ်၊ သက်ကယ်မိုး၊ ကြက်၊ ဂက်၊ စက်ဘီး တို့ကိုသာပိုင်ဆိုင်ကြပြီး ကလေးများအား မူလတန်း အောင်သည်ထိသာ ထား နိုင်သည်ကိုတွေ့ရပါသည်။

ချမ်းသာသောအိမ်မှာ (၁၀)အိမ်သာ တွေ့ရပြီး လယ်(၁၀)ကေ ၊တိုက်အိမ်၊ ဆန်စက် ၊သုံးဘီး ဆိုင်ကယ်၊ အဲကွန်း တို့ကို ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေး ဆုံးခန်းတိုင်အောင် ထားနိုင် သည်ကို တွေ့ရသည်။ ကျေးရွာ၏ အိမ်ခြေ အများစုမှာ မပြေလည် သောအိမ်များ ဖြစ်သည်ကို တွေ့ရ သည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း**




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

**ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများ အနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အဖွဲ့အစည်း များတွင် ပူးပေါင်း ပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်အကိုင် ရှာဖွေမှုတို့တွင် အမျိုးသား ၊အမျိုးသမီး ကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများ အနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်မခံပဲ အခြားကဏ္ဍများ တွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြား ဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသော အလုပ်အတွက် တူညီသော လုပ်အားခများ ကျား/မ တန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု**





အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့် တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည် ။အပ်ချုပ်စက် ကိုသာ အမျိုးသမီးများ အသုံးပြုကြသည်ကို သာတွေ့ရှိရသည်။ လယ်ထွန်စက်၊ ထွန်၊ ထယ် ၊လှည်း ၊နွား များကိုသာ အမျိုးသားများ သီးသန့် အသုံးပြုကြသည်။ ဝါးခြံ၊ လယ်၊ ဝက်၊ ကိုင်း စသည့် အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံး အသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။ အရင်းအမြစ်များ ထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များ ချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများ အနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အဖွဲ့အစည်းချိတ်ဆက်ပြပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ ပရိတ်သင်းအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာမီးသတ်၊တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင်း အုပ်ချုပ်ရေး အဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက် ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြု စီမံကိန်း ကော်မတီသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်း ကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့် လည်းကောင်း အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်း ဆောင်ရွက်ကြသည်ဟု သုံးသပ် မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ



အခက်အခဲ ပြဿနာများ

ပေါက်တောကြီးကျေးရွာ

၂.၁၀.၂၀၁၇

ကျား

၁. အလုပ်အကိုင် ရှားပါးခြင်း
၂. ရွာတွင်းလမ်း မကောင်းခြင်း
၃. လျှပ်စစ်မီးတိုင်များကြံ့ခိုင်မှု အားနည်းခြင်း
၄. လျှပ်စစ်မီးအား မပြည့်မီခြင်း
၅. နှစ်စဉ် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်ခြင်း
၆. အိမ်သောက်ရေ မြေရေကျ ရှားပါးခြင်း
၇. ပညာရေး နိမ့်ကျခြင်း

မ

၁. ကျေးလက်ဆေးပေးခန်း မရှိခြင်း
၂. စိုက်ပျိုးသီးနှံများ ပိုးမွှားများကျရောက်ခြင်း
၃. အလုပ်အကိုင်ရှားပါးမှုကြောင့် အခြားဒေသသို့ သွားရောက် အလုပ်လုပ်ကိုင်ရခြင်း
၄. လျှပ်စစ်မီးအား မပြည့်မီခြင်း
၅. လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း
၆. သောက်သုံးရေ ရှားပါးခြ
၇. မူကြိုကျောင်း မရှိ၊ တသင်ကျောင်း မရှိသဖြင့် ပညာရေး နိမ့်ကျခြင်း

အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ အလုပ်အကိုင်ရှားပါး၍ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်ရခြင်း ၊နှစ်စဉ် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း၊ လျှပ်စစ်မီးအားမပြည့်မီခြင်း ၊ပညာရေးနိမ့်ကျခြင်း တို့ ဖြစ်သည်ကို တွေ့ရပါသည်။


အမျိုးသားအုပ်စုများ၏ အခက်အခဲများမှာ ရွာတွင်းလမ်းမကောင်းခြင်း၊ လျှပ်စစ်မီးတိုင်များ ကြံ့ခိုင်မှုအားနည်းခြင်း၊ အိမ်ဆောက်ရန်မြေနေရာ ရှားပါးခြင်း တို့ဖြစ်သည်ကို တွေ့ရသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲပြဿနာများမှာ ကျေးလက်ဆေးပေးခန်းမရှိခြင်း ၊ စိုက်ပျိုးသီးနှံများ ပိုးမွှားများကျရောက်ခြင်း၊ သောက်သုံးရေရှားပါးခြင်း စသောအခက်အခဲ တို့ကို တင်ပြဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲပြဿနာများမှာကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ




မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသား အုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ ကျေးရွာ စာကြည့်တိုက် ရရှိရန်၊ ရေနုတ်မြောင်းများ တူးဖော်ရန်၊ ကျေးရွာ အားကစားကွင်း ရရှိရန်၊ ကွန်ကရစ်မီးတိုင် များအဖြစ် လဲလှယ်ရန် ၊လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် တို့ကို ဆွေးနွေးသုံးသပ်ထားသည်။

အမျိုးသမီး အုပ်စုများမှတင်ပြထားသော မျှော်မှန်းချက်များမှာ လျှပ်စစ်မီးအားပြည့်မီရန်၊ လယ်ယာမြေများအား ပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်ရန်၊ မူကြိုကျောင်းရရှိရန်၊ ကျေးရွာဆေးပေးခန်း ရရှိရန်၊ကွန်ကရစ်မီးတိုင်များ အဖြစ်လဲလှယ်ရန်၊ ရေတွင်းရေကန်များပြည့်စုံရန် တို့ကို မျှော်မှန်းပါသည်။

အထက်ပါမျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက် များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသားနှင့် အမျိုးသမီးတို့၏ တူညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ လဲလှယ်ခြင်း ၊ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံ၊ စာကြည့်တိုက်၊ မူကြိုကျောင်း များရရှိရန်၊ လုပ်ငန်းများကို ဆွေးနွေးထားသည်။

အမျိုးသားများမှ စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရန်တို့ကို ဆွေးနွေးထား သည်။

အမျိုးသမီးများမှ စိုက်ပျိုးရေးအတွက် စက်ကရိယာအမျိုးမျိုး၊တပိုင်တနိုင်မွေးမြူရေး၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများရရှိရန် တို့ကို ဆွေးနွေးထားပါသည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ကျေးရွာ၏ အမှန်တကယ်လိုအပ်သော လုပ်ငန်း များဖြစ်သည်ဟု သုံးသပ်မိပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



# ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ဘာလိုင်းကွင်း   ကျေးရွာ။ ။ ပေါက်တောကြီး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမင်းနိုင် | 09-973833412 | |
| ၂ | | ဥက္ကဌ | ဒေါ်စန်းငွေ | | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြမြနိုင် | 09-264990588 | |
| ၄ | | အဖွဲ့ဝင် | ဦးတင်လှ | 09-422511785 | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ဝင်းမော် | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြမြ | 09-250902351 | |
| ၇ | | အဖွဲ့ဝင် | ဦးခင်ဝင်း | 09-4225389449 | |
| ၈ | | အဖွဲ့ဝင် | ဒေါ်ချိုဝေသင်း | 09-973020068 | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစန်းနိုင် | | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သောင်းငွေ | | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်နုနုဆွေ | 09-794094876 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်မေနိုင် | 09-792526185 | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဝင်းလှိုင် | 09-262627732 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ရီရီသန့် | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်အောင် | 09-250936249 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်မြတ်နီလာဦး | 09-252849064 | |

**တာဝန်ကျဝန်ထမ်းများ**

- လူထုစည်းရုံးရေးမှူး - ဒေါ်ကြူသီတာလင်း
- လက်ထောက်နည်းပညာမှူး - ဒေါ်ခင်နှင်းဆွေ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ဘငြိမ် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကြည်ကလင်း |
|---|---|---|
| မြန်မာနိုင်ငံ၊ တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တလိုင်းကွင်း | ကျေးရွာ ပေါက်တောကြီး |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၁၄ | ဘာသာ (၁) ဗုဒ္ဓ | ၁၁၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၇၊ မ - ၁၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၈ | ၂၁၆ |
| လူမျိုးစု (၁)------------ | | |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၈၈ | ၂၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ဗလီ | ☐ |
| အခြား | ☐ | | အခြား | ☐ | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| | | | | | | လက်သမား | ☑ | ☐ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | | |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ___________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် (ဝိုင်းပါ)

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် [illegible] /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

## လုထုဖော်ပြ စီမံကိန်း၊ စီမံကိန်းလက်ခွဲ အပိုင်း - (၃)

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လုထုဖော်ပြစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင်
(၂) သာမေ့ဈေးမြူရှား

ကျေးရွာခေါင်းဆောင် — အမည် ဦးတင်လှ
လက်မှတ် (signature) — နေ့စွဲ ၂၁.၉.၂၀၁၇

လုထုစည်းရုံးရေးမှူး — အမည် ဒေါ်ကြည်ဖြူလင်း
လက်မှတ် (signature) — နေ့စွဲ ၂၁.၉.၂၀၁၇

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ကလင်း ၊ ဒေါ်ခင်နှင်းအေး | |
| နေ့စွဲ ၂-၁၀-၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) |

| မြို့နယ်/တိုင်း | ဧရာဝတီ | မြို့နယ် | ကြံခင်း | ကျေးရွာအုပ်စု | ကလိုင်းကွင်း | ကျေးရွာ | ပေါက်တောကြီး |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂.၁၀.၁၇ | ၂.၁၀.၁၇ | ၄၃ | ၁၉ | ၆၂ | – |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂.၁၀.၁၇ | ၂.၁၀.၁၇ | ၄၃ | ၁၉ | ၆၂ | – |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | – |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | – |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ...အစီအစဉ် ရေးဆွဲခြင်း | | | | | | – |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ငယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ကလင်း ၊ ဒေါ်ခင်နှင်းဝေ |
| နေ့စွဲ ၂.၁၀.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင် — ကျေးရွာအုပ်စု တလိုင်းကျွန်း — ကျေးရွာ ပေါက်တောကြီး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင် ရှားပါးခြင်း | ၁ | ကျေးလက်ဆေးပေးခန်းမရှိ၍ ကျန်းမာရေး အခက်အခဲရှိခြင်း |
| ၂ | လမ်းပန်းဆက်သွယ်ရေး အခက်ခဲခြင်း (ရွာတွင်းလမ်းမကောင်း) | ၂ | လယ်ယာမြေများ ပိုးမွှားများကျရောက်ခြင်းကြောင့် ကိုင်းပေါ်သီးနှံများ ပျက်စီးခြင်း |
| ၃ | လျှပ်စစ် ကွန်ကရစ်မီးတိုင်များ ကြံ့ခိုင်မှု အားနည်းခြင်း | ၃ | အလုပ်အကိုင်ရှားပါးခြင်းကြောင့် အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်ရခြင်း |
| ၄ | လျှပ်စစ်မီးအား မပြည့်မီခြင်း | ၄ | လျှပ်စစ်မီးအား မပြည့်မီခြင်း |
| ၅ | နှစ်စဉ် ကိုင်းပေါ်မြေများရေကြီးနစ်မြုပ်ခြင်း | ၅ | သောက်သုံးရေ ရှားပါးခြင်း |
| ၆ | ကိုယ်ပိုင်အိမ်အကွက် နေထိုင်ခွင့် မရှိခြင်း | ၆ | လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း |
| ၇ | ပညာရေး နိမ့်ကျခြင်း | ၇ | မူကြိုကျောင်း၊ စာသင်ကျောင်း မရှိသဖြင့် ပညာရေး နိမ့်ကျခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာစာကြည့်တိုက် ရရှိရန် | ၁ | လျှပ်စစ်မီးအား ပြည့်မီရန် |
| ၂ | ရေနုတ်မြောင်းများ တူးဖော်ရန် | ၂ | လယ်ယာမြေများကို ပိုးမွှားအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် |
| ၃ | ကျေးရွာအားကစားကွင်း ရရှိရန် | ၃ | မူကြိုကျောင်း ရရှိရန် |
| ၄ | ကွန်ကရစ် မီးတိုင်များ အဖြစ် လဲလှယ်ရန် | ၄ | ကျေးရွာဆေးပေးခန်း ရရှိရန် |
| ၅ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် | ၅ | လျှပ်စစ်မီးတိုင်များ အား ကွန်ကရစ်တိုင် အဖြစ် လဲလှယ်ရန် |
| ၆ | | ၆ | ရေတွင်း၊ ရေကန်များ ပြည့်စုံရန် |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း မြေကိုင်းများ လဲလှယ်ခြင်း ၊ မြေကြီးများ လဲလှယ်ခြင်း | အမျိုးသား+အမျိုးသမီး | ၂၄ သိန်း | ၄၂၄ |
| ၂ | ကွန်ကရစ်လမ်း | အမျိုးသား+အမျိုးသမီး | ၃၀၀ သိန်း | ၄၂၄ |
| ၃ | ရေကာတွင်း ၊ ရေကန် ၊ ရေစက်ကွင်း | အမျိုးသား+အမျိုးသမီး | ၆၀ သိန်း | ၄၂၄ |
| ၄ | စာကြည့်တိုက် | အမျိုးသား+အမျိုးသမီး | ၇၀ သိန်း | ၄၂၄ |
| ၅ | မူကြိုကျောင်း | အမျိုးသား+အမျိုးသမီး | ၇၀ သိန်း | ၄၂၄ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တပိုင်တနိုင် မွေးမြူရေး လုပ်ငန်း | အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေးအတွက် စက်ကိရိယာ အမျိုးမျိုး | အမျိုးသမီး | |
| ၃ | အိမ်တွင်း ဆက်မှု လက်မှု လုပ်ငန်း | အမျိုးသမီး | |
| ၄ | စိုက်ပျိုးရေးအတွက် မျိုးကောင်း မျိုးသန့် | အမျိုးသား | |
| ၅ | | | |

ငဿ၅ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်စိန်ဝေ ---------- လက်မှတ် [signature] ---------- နေ့စွဲ ၂.၁၀.၂၀၁၇

ဦးမင်းနိုင် [signature]

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီမံအကောင်အထည်ဖော်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အရပ်ရုံးရှိသော ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုရုံးသို့တင်ရမည်ဖြစ်ပြီး TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ) |
| ကျေးရွာညွှန့်ပေါင်းရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခင်နှင်းဝေ ၊ ဒေါ်ကြည်ရာလင် |
| ရက်စွဲ ၃ - ၁ - ၁၈ ‖ စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ✓စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ ‖ မြို့နယ် ကြံခင်း ‖ ကျေးရွာအုပ်စု ဝါလိုင်ကျွံ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ရန်ပုံငွေ တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ရန်ပုံငွေကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဓရပ်ကုန်း | ဝါးတံတား | ၂၃'×၁၁'×၈'.၆" | ၂၀၅ | ☐ကျား ☐မ ☑ကျား+မ | ၇၂.၅ သိန်း | | | | ၇၂.၅ သိန်း |
| မကျည်းပင်ကွင်းလေး | အုတ်ရိုးသုံးခန်းမ | ၃၀'×၂၀'×၁၀' | ၈၅ | ☐ကျား ☐မ ☑ကျား+မ | ၇၀ သိန်း | | | | ၇၀ သိန်း |
| ဒလိတ်စု | အုတ်ရိုးသုံးခန်းမ | ၃၀'×၂၀'×၁၀' | ၈၆ | ☐ကျား ☐မ ☑ကျား+မ | ၇၈.၅ သိန်း | | | | ၇၈.၅ သိန်း |
| | | | | ☐ကျား ☐မ ☐ကျား+မ | | | | | |
| | | | | ☐ကျား ☐မ ☐ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ဆောင်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးကြည်ဦး [signature] 8 - 1 - 2018

ဒေါ်မြင့်ဦး [signature] 8 - 1 - 2018

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာအုပ်စု၊ပေါက်တောကြီးကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပေါက်တောကြီးကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂.၁၀.၂၀၁၇)နံနက် (၉း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

*********************************************

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

PTK

**ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငွေပံ့ပိုးပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကွန်ကရစ်လမ်း (ရွာတွင်း) | ကျား / မ | ၂၀၂၀ | ကျေးရွာလူထု | ကျေးလက်ဦးစီးဌာန |
| | ၂ | သောက်ရေတွင်း၊ ရေကန်၊ ရေစင် | ကျား / မ | ၂၀၂၁ | " | |
| | ၃ | စာကြည့်တိုက် | ကျား / မ | ၂၀၂၂ | " | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း / စားနပ်ရိက္ခာဖူလုံရေး | ၄ | တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း | မ | | " | |
| | ၅ | စိုက်ပျိုးရေးအတွက်စက်ကိရိယာများ | မ | | " | |
| | ၆ | အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ | မ | | " | |
| | ၇ | စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့် | ကျား | | " | |
| | | | | | | |
| ပညာရေးနှင့်လူမှုရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေး | ၈ | မူကြိုကျောင်း | ကျား / မ | | " | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၉ | မီးတိုင်၊ မီးကြိုးများလဲလှယ်ခြင်း | ကျား / မ | ၂၀၁၉ | " | CDD. |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |